**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ( ၁၉ /၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ ၃ ရက်

အကြောင်းအရာ။ **လုပ်ငန်းသုံးမော်တော်ယာဉ်များနှင့် နောက်တွဲယာဉ်များ၊ သုံးဘီးမော်တော်ယာဉ်များ လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များအသိပေးကြေညာခြင်း**

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်လိုင်စင် / ပါမစ် လျှောက်ထားမှုများကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ညှိနှိုင်းရေးကော်မတီမှ ပြက္ခဒိန်နှစ်အလိုက်ထုတ်ပြန်သော ပြည်ပမှတင်သွင်းခြင်းအတွက် ထုတ်လုပ်ခုနှစ်သတ်မှတ်ချက်အတိုင်း စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ခွင့်ပြုဆောင်ရွက်ရာတွင် တင်သွင်းသူများ ရှင်းလင်းတိကျစွာလိုက်နာဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းသုံးယာဉ်များနှင့် နောက်တွဲယာဉ်များ တင်သွင်းမှုအတွက် စံနှုန်းသတ်မှတ်ချက်များကို အောက်ပါအတိုင်း အသိပေးထုတ်ပြန်ကြေညာလိုက်သည်-

(က) **Delivery Van တင်သွင်းခြင်း**

(၁) မူလထုတ်လုပ်သူ၏ ဒီဇိုင်းပါ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း တိကျမှန်ကန်ကိုက်ညီမှုရှိသည့် Original Panel Van (Delivery Van) ဖြစ်ရ မည်။

(၂) ပြုပြင်ပြောင်းလဲထားခြင်းမရှိဘဲ မူလစက်ရုံထုတ်ယာဉ်အတိုင်း ဖြစ်ရမည်။

(၃) မူလစက်ရုံ၏ Vin Code, Model Code သတ်မှတ်ချက်များအတိုင်း ဖြစ်ရမည်။

(ခ) **Mini Bus တင်သွင်းခြင်း**

(၁) အင်ဂျင်အရွယ်အစား 2000 CC နှင့် အထက်ဖြစ်ရမည်။

(၂) အနိမ့်ဆုံးအတိုင်းအတာ (အလျား x အနံ x အမြင့်) (၄၉၉၅ x ၁၆၉၀ x ၂၂၈၅) မီလီမီတာ ဖြစ်ရမည်။

(၃) ထိုင်ခုံအရေအတွက်မှာ (၁၀ ယောက်စီး မှ ၁၂ ယောက်စီး) ဖြစ်ရမည်။

(ဂ) လုပ်ငန်းသုံးယာဉ်နှင့် နောက်တွဲယာဉ်များတင်သွင်းခြင်း

(၁) **နောက်တွဲမပါရှိသည့် ဝန်တင်ယာဉ် (Regid Vehicle)**

စုစုပေါင်းအလျား - ၁၂၂၀၀ မီလီမီတာ

စုစုပေါင်းအနံ - ၂၅၀၀ မီလီမီတာ

**စုစုပေါင်းအမြင့်**

(ကက) ၃.၆၆ မီတာ( သာမန်ယာဉ်)

( ခခ ) ၄.၂ မီတာ (ကွန်တိန်နာယာဉ်)

(၂) **ခေါင်းတွဲ+ချိတ်ဆွဲသည့် နောက်တွဲများ (Articulated Vehicle)**

(ကက) စုစုပေါင်းအလျား(Tractor Head +Trailer)–၁၆၀၀၀ မီလီမီတာ

(၃) **ယာဉ်နှင့် ကုန်စုစုပေါင်းအလေးချိန် (Gross Vehicle Weight)**

(ကက) ကုန်တင်ယာဉ်(၆)ဘီးကား ဝင်ရိုး (၂) ခု (2 Axle) - ၅.၅ တန်
(အလျား ၁၅ ပေအထက်)

( ခခ ) ကုန်တင်ယာဉ်ကြီး(၆)ဘီးကားဝင်ရိုး(၂)ခု(2 Axle) - ၁၅ တန်

( ဂဂ ) ကုန်တင်ယာဉ်ကြီး(၈)ဘီးကားဝင်ရိုး(၃)ခု(3 Axle) - ၁၉ တန်

(ဃဃ) ကုန်တင်ယာဉ်ကြီး(၁၀)ဘီးကားဝင်ရိုး(၃)ခု(3 Axle)– ၂၁ တန်

( ငင ) ကုန်တင်ယာဉ်ကြီး(၁၂)ဘီးကားဝင်ရိုး(၄)ခု(4 Axle))– ၂၅ တန်

( စစ ) ကုန်တင်ယာဉ်ကြီး(၁၄)ဘီးကားဝင်ရိုး(၄)ခု(4 Axle) – ၂၉ တန်
(Lift Axle) အပါ

(ဆဆ) ကုန်တင်ယာဉ်ကြီး(၁၄)ဘီးတွဲကားဝင်ရိုး(၄)ခု(4 Axle)– ၃၃ တန်

( ဇဇ ) ကုန်တင်ယာဉ်ကြီး(၁၈)ဘီးတွဲကားဝင်ရိုး(၅)ခု(5 Axle)– ၄၁ တန်

( ဈဈ ) ကုန်တင်ယာဉ်ကြီး(၂၂ )ဘီးတွဲကားဝင်ရိုး(၆)ခု(6 Axle)– ၄၈ တန်

**(ဃ) သုံးဘီးမော်တော်ယာဉ် (Three Wheel Vehicle) တင်သွင်းခြင်း**

(၁) စက်စွမ်းအား(Max)

(ကက)အင်ဂျင်အရွယ်အစား(Engine Power) (Max) – ၄၅၀ စီစီ

( ခခ ) ဒီဇယ်အင်ဂျင် (Diesel Engine) ဖြစ်ပါက (1 Cylinder)

(၂) အတိုင်းအတာ

(ကက) ယာဉ်အလျား(Max) – ၄၂၅၀ မီလီမီတာ(၁၃.၉ ပေ)

( ခခ ) ယာဉ်အနံ(Max)– ၁၅၀၀ မီလီမီတာ(၄.၉ပေ)

( ဂဂ ) ယာဉ်အမြင့်(Max)– ၂၀၀၀ မီလီမီတာ(၆.၅ ပေ)

(၃) ဝန်တင်အား(Max)

(ကက) သုံးဘီး မော်တော်ဆိုင်ကယ် – ၅၀၀ ကီလိုဂရမ်

( ခခ ) လူစီးသုံးဘီးမော်တော်ယာဉ် – 5 P(ယာဉ်မောင်းသူအပါအဝင်)

(၄) ဝင်ရိုးအရေအတွက်(Max) – ဝင်ရိုး (၂) ခု (2 Axle)

(ကက) ဝင်ရိုးခံနိုင်ဝန် (Axle Capacity)(Max) –၁၀၀၀ ကီလိုဂရမ်

( ခခ ) တာယာအရွယ်အစား (Tyre Size) (Max) – ၅.၀၀-၁၂

ကုန်သွယ်ရေးဦးစီးဌာန